# ကုန်ကြမ်းပစ္စည်း လုံခြုံရေး စာရင်း စာမျက်နှာ

*ဒီ ကုန်ကြမ်းပစ္စည်း လုံခြုံရေး စာရင်း စာမျက်နှာ ကို ကမ္ဘာ့ကုလသမဂ္ဂ တစ် ကမ္ဘာလုံး ဆိုင်ရာညီညွတ်မှု စနစ် (ဂျီ အိတ်(ဟ) အက် (စ)) အတန်းအစား ခွဲခြား ရေး နှင့် တံဆိပ် တပ်ဆင်ရေး ဒု တိယ ကြိမ် ပြန်လည် တည်းဖြတ် မှု အရ စုစည်းထားသည်။ ၎င်း သည် ကနေဒါ နိုင်ငံ နှင့် အမေရိကန် နိုင်ငံ တို့ ၏ အန္တရာယ် ကို ဆက်သွယ် အကြောင်းကြား မှု အတွက် လိုအပ် ချက်များ ကို ပြည့် မီ (သို့) ကျော် လွန် သည်။*

## ၁။ ကုန် ပစ္စည်း နှင့် ပစ္စည်း ထောက် ပံ့ သူ တို့ ဖေါ်ပြ သတ် မှတ် ချက်

**ကုန် ပစ္စည်း အမည် ။** **မက်သနော**
**ဂျီ အိတ်(ဟ) အက် (စ) ပစ္စည်း ဖေါ်ပြ သတ် မှတ် ချက် ။** မက်သနော

**အကြံပေး အသုံး ပြု ပုံ ။** အ ရည်၊ လောင်စာဆီ ၊ ကုန် ကြမ်း ပစ္စည်း

**အသုံး ပြု ပုံ ကန့်သတ် ချက် များ ။** သင့်တော်သော လေဝင် လေထွက် ပေါက် မရှိ ဘဲ မသုံး ရ။ မျက်ကပ် မှန် တပ်ထားပါ က မျက် လုံး ထဲ ဝင် ရင် ပို ဆိုး မည်။ မီး၊ မီး တောက်၊ မီး ပွား နှင့် မီး စတောက် လောင်နိုင် သောအရာ များ နား မှာ မသုံး ရ။

| | | |
|---|---|---|
| **ကုန် ပစ္စည်း** | **မက်သနော ($CH_3OH$)** | **မက်သနက် ဖုန်း နံပါတ်။** (၆၀၄) ၆၆၁– ၂၆၀၀ |
| **လက္ခဏာ များ** | မက်သနော ၊ မီ သိုင်း ဟိုက်ဒရိုတ် ၊ သစ်သား အရက် ပျံ ၊ မီသိုင်း ဟိုက်ဒရောက်ဆိုဒ် | **အရေး ပေါ် ဖုန်း နံပါတ်။ (ကမ်းထရက်)** ၁–၈၀၀–၂၆၂–၈၂၀၀ (ကနေဒါ နိုင်ငံ နှင့် အမေရိကန် နိုင်ငံ) |

**ကုမ္ပဏီ** **မက်သနက် ကော်ပိုရေးရှင်း**
**အမှတ်အသား** **၁၈၀၀ ရေစပ် ဗဟို**
**၂၀၀ ဘရား(ဒ) လမ်း**
**ဗန်ကူး ဗား မြို့၊ ဘီ စီ**
**V၆C ၃M၁**

## ၂။ အန္တရာယ် ဖေါ်ပြ သတ် မှတ် ချက်

**အတန်းအစား ခွဲခြား မှု ။** မီး တောက်နိုင် သော အရည်၊ အမျိုး အစား ၁၊ အ ဆိပ်အတောက် ဖြစ်နိုင်မှု အမျိုး အစား ၁* ၊ သား မွေး ဖွားမှု ကို အဆိပ်အတောက် ဖြစ် စေမှု (ထပ် တလဲလဲ ထိ တွေ့ မှု)

**တံဆိပ်။**



**အန္တရာယ်ကို ဆက်သွယ် အကြောင်းကြား ခြင်း။** အန္တရာယ် ရှိ သည်။ အလွန် အမင်း မီး တောက် နိုင် သောအရည် နှင့် အငွေ့။ မျို ချ မိ ရင် သေ နိုင် သည်။ သန္ဓေ အောင် မှု (သို့) သန္ဓေ သား ကို ဖျက် ဆီး နိုင် သည်။

(သန္ဓေ သား အဆိပ်အတောက် ဖြစ် စေမှု၊ ပုံ ပန်း ပျက် မှု အကျိုး များ)။ မျို ချ မိ ရင် (သို့) ရှူ မိရင် မျက်လုံး ပျက်စေ မည်။ ဗဟိုနာဗ်ကြောစနစ် ကို ပျက်ဆီးစေ မည်။

***မှတ် ချက်။** လူ သားတို့ ၏ အတွေ့အကြုံ ပေါ် အခြေခံ ၍ အတန်းအစား သတ် မှတ် ထား သည်။ အန္တရာယ် ရှိ ပစ္စည်း သယ် ယူ ပို့ ဆောင်ရေး ၏ စံပြ နည်း ဥပဒေ အထူး ပုဒ် မ ၂၇၉ အ ရ အကြံပြုချက် များ ပေါ် မူ တည် ပြီး အတန်းအစား သတ် မှတ် ထား သော စံ နှုန်း ကို တည်း ကျပ် စွာ သတ် မှတ် အသုံး ပြု ခြင်း မ ဟုတ်။

**အန္တရာယ် များ။** အရောင်မဲ့ အ ရည်၊ သန့်စင်ပါ က အရက် နံ့ နည်း နည်း ရ မည်။ မက်သနော အ ကြမ်း သည် စက်ဆုပ်ရွံရှာ စရာကောင်း သော အ နံ့ ရှိ သည်။ အ ငွေ့စုပ်ယူ နိုင် စွမ်း ရှိ သည်။

***မီး တောက် နိုင် သော အရည် နှင့် အ ငွေ့။*** နေ့ အချိန်မှာ မမြင် ရ လောက် အောင် သန့်စင်ကြည်လင် သောမီး တောက် (သို့) အပြာန ရောင် နှင့် လောင် သည်။ အပူချိန် ပြင်း ရင် ဓာတ် ကွဲပြီး ကာဗွန် မိုနောက် ဆိုဒ် နှင့် ဖော် မယ် (လ) ဒီ ဟိုဒ် ဖြစ် သွား မည်။ အလုံပိတ် နေရာများ တွင် အ ဆိပ်အတောက် ဖြစ်နိုင်သော အန္တရာယ် ရှိ သည်။ ရှူ မိ ရင် (သို့) အရေ ပြားထဲဝင် သွား ရင် (သို့) ပါး စပ်ထဲ မျို ချမိ ရင် ဗဟိုနာဗ်ကြောစနစ် ကို အနည်း ငယ် ထိခိုက် နိုင် မည်။ ခေါင်း ကိုက် ခြင်း၊ နေ မကောင်း ခြင်း၊ ခေါင်း ရည်ဝေ ခြင်း နှင့် လိုက် ညီထွေမှု မရှိ ခြင်း၊ စသည်တို့ ဖြစ် မည်။ ဘာ မှ လက္ခဏာ မပြဘဲ ၈ နာရီ မှ ၂၄ နာရီ ကြာပြီး မှ အမြင် အား အကြီးအကျယ်ထိခိုက် မှု၊ အလင်း ရောင် ဒဏ် မခံနိုင် မှု၊ အ မြင် ဝါး မှု နှင့် မျက် လုံး ကွယ် သည့် အထိဖြစ် လာမည်။ မေ့ မျော ပြီး သေတောင် သေ နိုင် သည်။

***ရောင်ရမ်း နာကျင်မှု။*** မျက် လုံး ရောင်ရမ်း နာကျင် မည်။ အသက်ရှူခြင်း အတွက် အန္တရာယ်။ အရည်ကိုမျို ချ သည် ဖြစ်စေ၊ ပါး စပ်ထဲ မှအန် ထွက် သည် ဖြစ်စေ၊ အဆုပ်ထဲကို ရှူ မိ သလို ဖြစ် သွား မည်။

***သား မွေး မှု အန္တရာယ် ရှိ နိုင်မှု။*** တိရစ္ဆာန် မှ ရ သော အချက်အလက် ပေါ် အခြေခံပြော ရ ရင် သန္ဓေ သား ကိုယ် ဝန် ရင့် သော အ ချိန် အချင်း တိုင် ကို ဖြတ် ပြီး အဆိပ်အတောက် ဖြစ် စေ သည်။ ထို့ အပြင် သန္ဓေ သား ပုံ ပန်း ပျက် မှု အကျိုး ဆက်များ ဖြစ် စေ သည်။

**အင်အက်(ဖ)ပီအေ စံနှုန်း သတ် မှတ် ချက်။** (ကျန်း မာရေး၊ မီး၊ တုန့်ပြန် ဓာတ် ပြုမှု)။ ၁၊ ၃၊ ၀

## ၃။ ဖွဲ့စည်းပုံ

| ပါဝင်သည့် အစိတ် အပိုင်း | % (ဒဘလူ/ ဒဘလူ) | ထိ တွေ့မှု အကန့် အသတ် | LD ၅၀ | LC၅၀ |
|---|---|---|---|---|
| မက်သနော (စီအေအက်(စ) ၆၇–၅၆–၁) | ၉၉–၁၀၀ | ACGIH*TLV-TWA: ၂၀၀ ppm, အရေပြား<br><br>TLV-STEL: ၂၅၀ ppm, အရေပြား | ၅၆၂၈ မီလီဂရမ်/ကီလိုဂရမ်<br><br>(ပါး စပ် / အမြီး ရှည်ကြွက် ကြီး | ၆၄၀၀၀ ppm<br><br>(ရှူမိရင်/ အမြီးရှည် ကြွက် ကြီး) |

| | | | | |
|---|---|---|---|---|
| | | PEL-TWA: ၂၀၀ ppm, အရေပြား<br>PEL-STEL: ၂၅၀ ppm, အရေပြား<br><br>IDLH: ၆၀၀၀ ppm, များ ပြား စွာ ရှူမှ ကြောင့် တိရစ္ဆာန် မှာ အ ဆိပ်အတောက် ဖြစ် မှု<br><br>TLV အခြေခံ၊ အရေး ကြီး သောအကျိုး များ၊ စိတ်ခြောက်ခြား၊ အ မြင်၊ ဗဟိုနာဗ်ကြောစနစ် (CNS) | ၁၅၈၀၀ မီလီဂရမ်/ကီလိုဂရမ်<br><br>(အရေပြား/ ယုန်) | |

* ထိ တွေ့မှု အကန့် အသတ် သည် တစ်ချိန် နှင့် တစ်ချိန်၊ တစ်ဒေသ နှင့် တစ်ဒေသ မတူ ကွဲပြား ခြားနား သည်။ မိ မိ ဒေသရှိ သက်ဆိုင် ရာ အေဂျင်စီ ကို ထိ တွေ့မှု အကန့် အသတ် နှင့် ပတ် သက်ပြီး မေးမြန်း ပါ။ ACGIH ဆို သည်မှာ အစိုးရ စက်မှု သန့်ရှင်း စင်ကြယ်အောင် ပြုလုပ်ပေး သော ဝန် ထမ်း များ ကွန်ဖရင့် ဖြစ် သည်။

## ၄။ ရှေ့ဦးသူနာပြုလုပ်ဆောင်ချက်များ

***မှတ်ချက်။*** *အရေးကြီးသော အကူအညီကို မိမိ မြို့ မှာ ရှိသော အ ဆိပ် ထိန်း ချုပ် ရေး ဌာနမှာ ရ ယူ ပါ။*

**မျက် လုံး နှင့် ထိ တွေ့ မှု။** မျက်ကပ် မှန် တပ်ထားရင် ချွတ် လိုက် ပါ။ အ ကယ်၍ ထိ တွေ့ ပါက သန့်စင်သော ရေ အလျင် များ များ နှင့် မျက်လုံး ကို ချက်ချင်း အ နည်း ဆုံး ၁၅ မိနစ် ဆေး ကြောပါ။ အပေါ် နှင့်အောက် မျက်ခွံများ ကို မြှင့် တင် ပေး ပါ။ ဆေး ကုသမှု ခံ ယူ ပါ။

**အရေပြား နှင့် ထိ တွေ့ မှု။** အ ကယ်၍ ထိ တွေ့ ပါက ထိ တွေ့ ထား တဲ့ အ ဝတ် ကို ချွတ် ပါ။ ရေ ပန်း အောက် မှာ အ နည်း ဆုံး ၁၅ မိနစ် ဆပ် ပြာ ရေ နှင့် ဆေး ကြောပါ။ ယား ရံ မှု ဖြစ် နေ ရင် ဆေး ကုသမှု ခံ ယူ ပါ။ ထို အ ဝတ် များ ကိုပြန် မ ဝတ်ခင် လျှော် ဖွတ် ပါ။ မက်သနော နှင့် အ ကြာကြီး ထိ တွေ့ ပါ က အရေပြား တစ်ရှူး များ ခြောက်သွေ့ ပြီး အက်ကွဲလာ မည်။

**ရှူမိခြင်း။** လေကောင်း လေသန့်ထဲ ဆွဲ ထုတ်ပါ။ လိုအပ်ရင် အသက်ရှူ နိုင်အောင် ပြန်လုပ်ပါ။ ဆေး ကုသမှု ခံ ယူ ပါ။

**မျိုချခြင်း။** မက်သနော ကို မျို ချမိ ရင် သေနိုင် သည်။ အစာချေ ပြီး နောက် ၁၈ နာရီ ကနေ ၂၄ နာရီ ထိ လက္ခဏာမ ပြဘဲ နေ တတ် သည်။ တကယ်လို့ သတိရရင် ပြီး တော့ ဆေး ကုသမှု ချက် ချင်း ခံယူ လို့မ ရသေး ရင် အတင်း မအန် ခိုင်း ပါ နဲ့။ မျို ချမိ ခြင်း တကယ်ဘဲ ဖြစ် ဖြစ် (သို့) သံသယ ရှိ သည် ဖြစ် ဖြစ် ဆေး ကုသ ရမည့် နေရာ ကို ချက် ချင်း ခေါ် ဆောင် သွား ပါ။

**ဆရာဝန် သို့ မှာကြား ချက်။** မက်သနော အများ ကြီး ကို ထိ တွေ့ ရင် မျို ချမိ သည် ဖြစ် ဖြစ် (သို့) မက်သနော အများ ကြီး ပါ သော လေကို ရှူ မိ သည် ဘဲဖြစ် ဖြစ် ထိ တွေ့ ပြီး နောက် မိနစ် ၄၀ ကနေ ၇၂ နာ ရီ အတွင်း သင်္ကေတ လက္ခဏာ ပြလာ မည်။ သင်္ကေတ လက္ခဏာ များ ယေဘူယျ အားဖြင့် ဗဟို နာဗ် ကြော စနစ်၊ မျက် လုံး နှင့် အစာအိမ် အူလမ်း ကြောင်း တွေမှာ ဘဲပြမည်။ ဗဟို နာဗ် ကြော စနစ် ကို ထိ ခိုက်သည် ဆိုတာ ပြသော ခေါင်း ကိုက် မှု၊ ခေါင်း မူးပြီး ဟန်ချက်ပျက်မှု၊ အင် အား ကုန်း ခမ်း မှု နှင့် စိတ် ရှုပ်ထွေး မှု ပြလာ ရင် ဒါဟာ မက်သနော အဆိပ် ဖြစ် တယ် လို့ ပြောလို့ရ သည်။ အမြင်ဝါး လာ မည်၊ မြန်မြန် ဆုံး ဖြတ် ချက် ချ နိုင် စွမ်း ကျဆင်း လာ မည်၊ အလင်း ရောင် ကို ကြောက် လာ မည် စ သည်တို့သည် ဖြစ် လေ့ဖြစ် ထ ရှိ သောအရာ များ ဖြစ် သည်။ လူ နာကို

တောင်အမေရိကတိုက် မှာ ပေါက်တဲ့ အိုင်ပီ ကတ် ဆေး မြစ် ဖြင့် ကုသခြင်း (သို့) ဝမ်းခေါင်း ကို ဆေး ကြော ခြင်း များ ဖြင့်၂၄ နာရီ အ တွင်း ကုသရ မည်။ အဆိပ်အတောက် ပိုကြီးရင် ကိုယ်ခန္ဓာ စွမ်း အင် ထုတ်လုပ် တဲ့ စနစ် မှာ အက် စစ် ပိုဝင် လာ မည်။ အဝါရောင် အရည် ကြည် ဘိုင် ကာဘွန် နိတ် ပါဝင် မှ သည် အဝါနုရောင် မက်သနော ပါဝင် မှ ထက် အဆိပ်အတောက် ဘယ် လောက် အန္တရာယ် ရှိ တယ် ဆို တာ ပို တိ ကျ စွာ ပြသနိုင် သည်။ ဘယ်လို ကု သရ မည် ဆို တာ ကို ဆေး ရုံ အများစု ကသိ ပါသည်။ သင့်တော် သောဆေးရုံ များ နှင့် ဖြစ် ဖြစ် ချင်း ဆောင် ရွက် ရန် အကြံပြု ပါသည်။

အက်သနော သည် မက်သနော အဆိပ် အ တောက် ဖြစ် မှု ကို သိသိသာသာ ကျဆင်း စေသည်။ ဘာကြောင့်လဲ ဆို တော့ ၄င်း သည် အစာခြေ စွမ်း အင် ထုတ် ပေး သော အင် ဆိုင်း တစ်ခုတည်းကို အ ပြိုင်အ ဆိုင် လု ယူ ပြီး မက်သနော အဆိပ် အ တောက် ဖြစ် မှု ကို ကု သပေး လို့။

## ၅။ မီး ငြိမ်း သတ် ခြင်း လုပ်ဆောင် ချက် များ

**သင့်တော် သောမီး သတ် ပစ္စည်း၊ မီး သတ် ကြား ခံ ပစ္စည်း။** မီးသေး များ။ ခြောက် သွေ့ ဓာတု ပစ္စည်း၊ ကာဗွန် ဒိုင် အောက်ဆိုဒ်၊ ရေ ဖြန်း။
မီးကြီး များ။ ရေ ဖြန်း (မ သင့်တော် သော မီး သတ် ကြား ခံ ပစ္စည်း များ ဆို သေည မှတ် ချက်ကို ကြည့် ပါ။) အ ကွေး ရပ် လို့ခေါ် သည့် ဖော့ ဖြစ် သော ဖလင် (အ ရက် မစွန်း နိုင်) ၃ (သို့ ၆ ရာ နှုန်း ဖော့ အစိတ်အ ပိုင်း စနစ် ပုံစံ။

**မ သင့်တော် သော မီး သတ် ကြား ခံ ပစ္စည်း များ။** အထွေထွေသုံး ဖော့အတု (သို့) ပရိုတိန် ဖော့ များ အသုံး ပြု နိုင် သည်။ သို့သော်ထိ ရောက် မှု တော့ မ ရှိ ပါ။ ရေ သည်အေး မြစေဖို့ အကျိုးရှိ နိုင် သည်။ သို့သော် မီး ငြိမ်း သတ် ဖို့ထိရောက်မှု မရှိ။ ဘာကြောင့် လဲဆို တော့ မက် သနော ကို မီးလောင် နိုင် သောအပူ ချိန် အောက် မှာ အေးအောင် လုပ်မရ နိုင်လို့။

**အထူး ပြုအန္တရာယ် များ။** မက်သနော အငွေ့ များ မီး တောက် မ မြင်ရ အောင်လောင်တတ်သည်။ မီးလောင်နေ စဉ် ကာဗွန် မို နောက် ဆိုဒ်၊ ကာဗွန် ဒိုင် အောက် ဆိုဒ်၊ နာ ကျင် ရောင် ရမ်း စေသော ဖေါ မယ် လဒီ ဟိုက် စသောအ ဆိပ် ငွေ့ များ ထွက်လာနိုင် သည်။ အငွေ့ များ သည် အလုံ ပိတ် ထားသော နေရာ များ မှာအဆိပ် အတောက် နှင့် မီး ထ တောက်နိုင် သော အန္တရာယ် ရှိ သည်။ မီး (သို့) အပူရှိန် ပြင်း ရင် အလုံ ပိတ်သို လှောင် ကန် ထဲ မှာ ပြင်း ထန် စွာ ပေါက်ကွဲ ပြီး မက် သနော အ များ ကြီး ထွက် လာ မည်။ အငွေ့ များ သည် လေထက် အနည်း ငယ် ပိုပေါ့ ပြီး မီး စ လောင် နိုင် တဲ့ နေရာ ထိ ခရီးဝေး ကိုအရောက် သွား နိုင် သည်။

**အန္တရာယ် ရှိ ပေါက်ကွဲ တောက် လောင် နိုင် သော ပစ္စည်းများ။** အဆိပ် ဓာတ် ငွေ့ များ နှင့် အငွေ့ များ၊ ကာဗွန် နှင့် ဖေါ မယ် လဒီ ဟိုက် အောက် ဆိုဒ် များ။

**မီးသတ်ပုံ ညွှန်ကြား ချက်များ။** မက် သနောသည် နေ့အချိန် မှာ မမြင် ရ လောက် အောင် အ ရောင် ကြည် လင်သန့်စင် သောမီးတောက် နဲ့ လောင် သည်။ လေ အ ထက် မှာ နေ သည်။ သီး ခြား ထား ပါ။ အဲဒီ နေရာ သွား ဖို့ ကိုကန့် သတ် ထားပါ။ ရေ ထဲ တွင် ၂၅ ရာနှုန်း ထက်ပို ပါဝင် နေရင် မီး ထ လောင် နိုင် သည်။ ရေပန်း (သို့)မြူ မှုံ ကို မီး မ ပြန် ပွား အောင် နှင့် အနီး အ နား မှာ ရှိ သော ဆောက် လုပ်ထား သော အ ရာ များ နှင့် သို လှောင် ကန် များ အေး သွား အောင် သုံးပါ။ မီး သတ် ထား သောရေ ကို လည်း နောက် ပိုင်း ပြန် စွန့် ရန် စု စည်း ထား ပါ။ မီး သတ် သမား များ မျက် နှာ အ ပြည့် ကာ ပြီး သင့် တော် သော ဖိ အား ဖြင့် မိ မိ ဖာ သာ အ သက် ရှူ လို့ ရ သော အ သက် ရှူ ကိ ရိယာ (သို့) လေလမ်း ကြောင်း ဝတ် ဆင် ထား ပါ။ ပြီး မီး မ လောင် စေ သော မီး သတ် အ ဝတ် အစား ကို (အင် ပီ အေ) ၏ ညွှန်ကြား ချက် အ တိုင် ဝတ် ထား ပါ။ မှတ် ရ မှာ က မက် သနော

မီး များ အနီး အနား မှာ ဝတ် စုံ လို သည်။ ပြန် ကြဲ စိမ့် ထွက် နေ သော ဓာတု ပစ္စည်း များ ထဲ ဖြတ် မ လျှောက် ဖို့ သတိ ပြု ပါ။

**အထူး သတင်း အ ချက် အ လက်။** အငွေ့ များသည် မီးစလောင် နိုင် သော နေရာကို သွားပြီး ထလောင် နိုင် သည်။

## ၆။ မတော်တဆ ယို စီး ထွက် လာ ခြင်း ကို လုပ် ဆောင် ခြင်း

**ခြုံ ငုံသုံး သပ် ချက်။** မီး ထ လောင် နိုင် တဲ့ အ ရည်၊ မီး တောက် မ မြင် ရ ဘဲ လောင် နိုင် သည်။ ယို စီး ထွက် လာ ရင် ချက် ချင်း မီး ထ တောက် နိုင် ပြီး ပေါက် ကွဲ နိုင် သည်။ မီး ထ လောင် နိုင် သော အ ရင်း အ မြစ် ကို ဖယ် ရှား ပါ။ ယို နေ သော အ ပေါက် ပိတ် ပါ။ အ ရည် စုပ် သော အ ရာ သုံး ပါ။ လို အပ် ရင် ယို စီးနေ သောအရာ ကို တံမန် တုပ် ထား ပါ။ အငွေ့ နှင့် မီး လောင် မှ အန္တရာယ် နည်း အောင် ဖလိုရီ ကာဗွန် အ ရက် အစွန်းခံနိုင် သောဖော့ များ သုံး ပါ။ မက်သနော ကို အများ ဆုံး ပြန် လည် သုံး လို့ ရ အောင် လုပ် ပါ။ ရှင်း ပြီး သည့် အ ထိ အဲဒီ နေရာ ကို ဝင် ဖို့ ကန့် သတ် ထား ပါ။ ရှင်း လင်း ခြင်း ကို ကျွမ်း ကျင် သူ များ ကို သာ လုပ် စေ ပါ။ မိ မိ ကိုယ် ကို ကာကွယ် ဖို့ ဝတ် ဆင် ထား ပါ။ မီး ထ လောင် နိုင် သော အ ရာ အား လုံး ကို ဖယ် ရှား ပါ။ ဥပဒေ အရ လို အပ် သလို အ စိုးရ အ ဖွဲ့အ စည်း များ ကို သတိပေး အ ကြောင်း ကြား ပါ။

**မိ မိ ကိုယ် ကို ကာကွယ်ခြင်း။** မျက် နှာ အ ပြည့် ကာ ပြီး သင့် တော် သော ဖိ အား ဖြင့် မိ မိ ကိုယ် တိုင် အ သက် ရှူ ၍ ရ သော အ သက် ရှူ ကိ ရိယာ (သို့) လေလမ်း ကြောင်း ဝတ် ဆင် ထား ပါ။ မီး နှင့် ဓာတု ပစ္စည်း များ ထိ တွေ့ မှု ကို ခံနိုင် ရည် ရှိ သော ဝတ် စုံ ကို ဝတ် ရ ပါ။ တကယ်လို့ မီး စလောင် ရင် တော့ သင့် တော် သော မီး သတ် ဝတ် စုံ ကို ဝတ် ပြီး မီး သတ် ပါ။

**ပတ် ဝန် ကျင် ဆိုင်ရာ သတိထား ချက် များ။** ရေထဲအ လွယ်တကူ ပျော် ဝင် သည်။ ရေ ချို (သို့) ရေ ငံ ထဲ ရှိ သော မက်သနော သည် ရေ ထဲ ရှိ သက် ရှိ များ ကို ဒုက္ခ ရောက်ကုန် စေ မည်။ မိလ်လာချုပ်ခဲရှိ ဘက်တီးရီးယား ပေါ် မက်သနော အဆိပ်ဖြစ်မှု လေ့လာတွေ့ရှိ ချက် က ပြ သည်မှာ မက်သနော ၀.၁ ရာနှုန်း သည် အစာခြေမှု ကို အနည်း ငယ် ဘဲထိ ခိုက် မည်။ မက်သနော ၀.၅ ရာနှုန်း သည် အစာခြေမှု ကို နှေး ကွေး စေ မည်။ မက်သနော သည် ကာဗွန်ဒိုင် အောက်ဆိုဒ် နှင့်ရေအဖြစ်သို့ ဓာတ်ကွဲသွား မည်။

**ပြန်လည်ပြုပြ င် လုပ်ဆောင်ချက်များ။** မီး ထ လောင် နိုင် သော အ ရည်၊ မီး တောက် မ မြင် ရ ဘဲ လောင် နိုင် သည်။ ယို စီး ထွက် လာ ရင် ချက် ချင်း မီး ထ တောက် နိုင် ပြီး ပေါက် ကွဲ နိုင် သည်။ မီး ထ လောင် နိုင် သော အ ရင်း အ မြစ် ကို ဖယ် ရှား ပါ။ ယို နေ သော အ ပေါက် ပိတ် ပါ။ အ ရည် စုပ် သော အ ရာ သုံး ပါ။ အရည်များ ကို ပေါက်ကွဲမှု မ ဖြစ်စေနိုင် တဲ့ စုပ်စက်ဖြင့် စုပ် ထုတ် ပါ။ မ မြင် ရ ဘဲ မီး လောင်နေ နိုင် သော ကြောင့်ယို စိမ့် ထွက် နေ တဲ့ နေ ရာ ကို ဖြတ် မ လျှောက် ရ။

**ယို စိမ့် မှု အ သေး များ။** မီး ထမ တောက်နိုင်သော အ ရည် ဆုပ် သောအရာ နှင့် ရော နှော ပါ။ မက်သနော ကို ပြန်လည်ရ ယူ ပြီး ရေနှင့် ရော ပြီး မီး လောင် မှု နည်း အောင် လုပ် ပါ။ မက်သနောယို စိမ့်မှု ကို မိလ်လာ များ၊ ကန့် သတ်နေရာ များ၊ ရေ စီး လမ်း ကြောင်း များ (သို့) ရေ လမ်း ကြောင်း များ ထဲ မ ဝင် အောင် ကာ ကွယ်ပါ။ အကာအကွယ် ကိရိယာများ ဝတ် မထား သော ပုဂ္ဂိုလ် များ ကို ဝင် ခွင့် ကန့်သတ် ပါ။ ပစ္စည်း များ ကို သင့် တော် သော အဖုံး ရှိပြီး တံဆိပ် တပ်ထား သော ဗူး များ ထဲ ထဲ့ ထား ပါ။ ထို နေရာ ကို ရေ ဖြင့် ဆေး ကြောပါ။

**ယို စိမ့် မှုအကြီး များ။** လို အပ်ရင် ယို စိမ့်တဲ့ နေ ရာ ကို တံမန် တုပ်ပါ။ အငွေ့ နှင့် မီး လောင် မှု အ န္တရာယ် နည်း အောင် ဖလိုရီ ကာဗွန် အ ရက် အစွန်းခံနိုင် သောဖော့ များ သုံး ပါ။ မက်သနော ကို အများ ဆုံး ပြန် လည် သုံး လို့ ရ အောင် လုပ် ပါ။ ။ အရည်များ ကို ပေါက်ကွဲမှု မ ဖြစ်စေနိုင် သော စုပ်စက်ဖြင့် စုပ် ထုတ် ပါ။

## ၇။ ကိုင် တွယ် ခြင်း နှင့် သိမ်း ဆည်း မှု

**ကိုင် တွယ် ခြင်း အတွက်ကြို တင် သတိထား ရ မည့် အ ရာ များ။** ကိုင် တွယ် အသုံး ပြု သိုလှောင် သောနေရာ မှာ ဆေး လိပ်မ သောက်ရ။ မီးတောက်မယူသွား ရ။ မပေါက်ကွဲစေ တတ် သော လျှပ်စစ်ပစ္စည်း ကိရိ ယာကို သုံး ပါ။ လျှပ်စစ် ကြိုး သွယ်တဲ့နည်း လမ်း ကို သေချာစွာ လိုက်နာပါ။

**သိမ်း ဆည်း မှု။** လုံး၀မီး မ လောင် နိုင် အောင်၊ လူတွေနှင့် မ ထိ တွေ့အောင် လုံး၀ အလုံ ပိတ် ပစ္စည်း ကိရိယာ ထဲ သိမ်း ဆည်း ထား ပါ။ သိုလှောင် ကန် များ ကို မြေကြီး ကြိုး တပ်ထား ပါ။ လေ၀င်လေထွက် ပေါက်ပေးပါ။ အငွေ့ထုတ် ထိန်းချုပ် သောအရာ တပ်ထား ပါ။ ။ အင် (န)အက်(ဖ)ပီအေ (သို့) အေ ပီ အိုင် စံနှုန်း များ အရ သိုလှောင် ကန် များ တံမန် တုပ်ထား ပါ။ မက်သနော အရည်နှင့် လေ သည် သိုလှောင် ကန် ထဲ မှာ (သို့) တစ်နေရာ ကနေ တစ်နေရာ ကို သယ်ယူ သော အခါ မှာ မီး လောင် တတ် သည့် အ တွက် မီး ပွား စ မဖြစ်အောင် ကိုင် တွယ်သူများ သတိ ထားရမည် အချက်များ ကို လိုက် နာ ရ မည်။ ကိုင် တွယ်သူများ က မီး ပွားဖြစ် စေမည့် အရာ များ ကို ရှောင် ရှား ရ မည် (သို့) သိုလှောင် ကန် ထဲ မီး မ လောင်အောင် ဓာတ် ငွေ့တစ်မျိုး ဥပမာ နိုတ်ထရိုဂျင် ဓာတ် ငွေ့ကို ထည့် ပေးရ မည်။ ပစ္စည်း ကိရိယာအားလုံး ကို မြေကြီး ကြိုး တပ်ထားရမည်။ ဒါမှ ပစ္စည်း ကိရိယာ ထဲ ရှိနေသော လျှပ်စစ် ဓာတ်အား များ စွန့်ပယ်၍ ရ မည်။ မီးလောင်မှု မှ လည်း ရှောင် ရှား နိုင် မည်။ စည်း မကိုက်သောပစ္စည်း များ ပူးတွဲ သိမ်း ဆည်း မှု ကို ရှောင် ရှား ပါ။ အင် ဟိုက်ဒရိုက် မက်သနော သည် ခဲ၊ နီကယ်၊ မိုနယ်၊ ပုံသွင်း ထား တဲ့ မာ ကြောသောသံ၊ စီလီကွန် များ များ ပါ သော သံ များ မှ လွဲ ၍ သတ္တု တော်တော် များ များ ကို အပူ ချိန် မျှ နေရင် မစားနိုင်ပါ။ ကြေးနီ အုပ်ထား သော အရာ (သို့) ကြေးနီစပ် ထားသော သွပ်၊ သွပ် နှင့်အုပ်ထား သော စတီး သံ (သို့) ဒန် သတ္တု များသည် သိုလှောင် ကန် အတွက် မသင့် တော်ပါ။ ထိုသတ္တု များ ကို မက်သနော က ဖြေးဖြေးစားသွားနိုင် သည်။ ဂဟေတို့ပြီး လုပ်ထား သော သိုလှောင် ကန် များ သည် ပုံမှန်အားဖြင့်ဘာ မှ ပြဿနာ မရှိ ဘူး။ သိုလှောင် ကန် များကို စည်းကမ်း စည်း မျဉ်း နှင့်အညီ ပုံ စံဖေါ်ပြီး ဆောက်လုပ်သင့် သည်။ ပလပ်စတစ်ကို အချိန်တိုကာလ သိုလှောင်ရေးအတွက် သုံး နိုင် သည်။ ကြာလာရင် ပျက်ဆီး နိုင် ပြီး မသန့်ရှင်း မှုများ ဖြစ်လာနိုင်သောကြောင့် ရေရှည်အတွက်တော့ သုံး ရန် မသင့် ပါ။

ဆောက်လုပ်ရေး ပစ္စည်း များ အတွက် စားသောနှုန်း ထားများ။

| | |
|---|---|
| <၀.၅၀၈ mm/နှစ်။ | ပုံသွင်း ထား သော မာ ကြောသောသံ ၊ မိုနယ်၊ ခဲ၊ နီကယ်၊ |
| <၀.၅၀၁ mm/နှစ်။ | စီလီကွန် များ များ ပါ သော သံ |
| နည်း နည်း ဖျက်နိုင်။ | ပေါ်လီသလင်း |
| ကြေနပ်စရာ။ | နီအိုပရင်း၊ ဗီနီလစ် ပလပ်စတစ် အတု၊ ပေါ်လီအက်စတာ လို့ခေါ်သော ပလပ်စတစ် အတု၊ သဘာ၀ကြက်ပေါင်း စေး၊ ဗျူတိန် ကြက်ပေါင်း စေး အတု၊ |
| ခံနိုင်ရည်ရှိ။ | ပေါ်လီ ဗိုင်နယ် ကလိုရိုက်၊ ပလပ်စတစ် ဖြစ် အောင် လုပ် မထား ပါ |

## ၈။ ထိတွေ့မှု ထိန်းချုပ်ခြင်း နှင့် ပုဂ္ဂိုလ်ရေး ကာကွယ် ခြင်း

**အလုပ်အကိုင်ဆိုင်ရာထိန်းချုပ်မှု။** ACGIH TLV-TWA: ၂၀၀ ppm, အရေပြား (၂၆၂ mg/m$^3$);
TLV-STEL: ၂၅၀ ppm, အရေပြား (၃၂၈ mg/m$^3$);
PEL-TWA: ၂၀၀ ppm, အရေပြား
PEL-STEL: ၂၅၀ ppm, အရေပြား
TLV အခြေခံ။ ဆိုးကျိုးများ။ စိတ်ခြောက်ခြား၊ အ မြင် ဗဟိုနာဗ်ကြောစနစ် (CNS)
IDLH: ၆၀၀၀ ppm, တိရစ္ဆာန် များ ရှူမိရင် အဆိပ် ဖြစ်

**အင်ဂျင်နီယာဆိုင်ရာထိန်းချုပ်မှု။** ကန့်သတ်ထားသောနေရာများမှာလေဝင်လေထွက်လုပ်ထား သင့်သည်။ ဒါမှ လေထဲပါဝင် သိပ်သီးမှု သည် ခွင့် ပြု ထားသော ထိတွေ့မှု အကန့်အသတ် အောက် မှာဘဲ ရှိနေမည်။ လေဝင်လေထွက်စနစ်ကိုအတည်ပြုထား သော အင်ဂျင်နီယာဆိုင်ရာ စံနှုန်း နှင့် အ ညီ ပုံစံ ဖေါ်ထား ရ မည်။

**လေရှုမှုဆိုင် ရာ ကာကွယ်ရေး။** NIOSH/OSHA တို့၏ မက်သနော လေထဲ ပါဝင် မှု ဆိုင် ရာ အကြံပြု ချက် များ။

၂၀၀၀ ppm ထိ။ လေပေးအသက်ရှုမှု ကိရိယာ

၅၀၀၀ ppm ထိ။ အဆက်မပျက် လေဝင်နေသော လေပေးအသက်ရှုမှု ကိရိယာ

၆၀၀၀ ppm ထိ။ အဆက်မပျက် လေဝင်နေ ပြီး မျက်နှာ ပေါ် စွပ်ထား သော လေပေးအသက်ရှုမှု ကိရိယာ (သို့) မျက်နှာအပြည့် စွပ်ထား ပြီး မိမိကိုယ်တိုင်ရှုလို့ ရ သော ကိရိယာ(သို့) မျက်နှာအပြည့် စွပ်ထား ပြီး လေပေးအသက်ရှုမှု ကိရိယာ

မြွှန် (သို့) ဖုန်း ပုံစံ မျိုး အသက်ရှု ကိရိယာကို တော့ မသုံးသင့်ပါ။

*အရေး ပေါ်ဘဲဖြစ်ဖြစ် (သို့) စီစဉ်ပြီး ဝင်မည်ဖြစ်ဖြစ် လေထဲ ပါဝင် မှု မသိသောနေရာ ကို ဝင် ရင် (သို့) IDLH ခေါ် တဲ့ အသက်အန္တရာယ် ချက်ချင်း ကျ ရောက် မည့် အခြေအနေများ။*

အသက်ရှု ကိရိယာကို အ ရည်အချင်း ရှိ သူ သာ ရွေးချယ်ရမည်။ ထိုပြင် လုပ်ရှား မှု များ နှင့် ထိတွေ့မှုအဆင့်တွေထည့်တွက်ပြီး ရထား သော ရ လဒ် ပေါ်မူတည်ပြီး လည်း ရွေးချယ်ရမည်။ အသက်ရှု ကိရိယာကို အသေအချာ တော် မတော် စစ်ဆေးပြီး တပ်သူ ကလည်း အသက်ရှု ကိရိယာကိုမျက်နှာပေါ် မှာ အသေအချာတပ် ဆင်လို့ ရအောင် မျက်နှာပေါ် ရှိ အမွေး များ ပြောင် အောင် ရိတ်ထား ရ မည်။ ထိတွေ့မှု ကို သတ်မှတ် ထားသော နှုန်း (သို့) နှုန်းအောက် မှာ ထိန်းထားရ မည်။ အသက်ရှု ကိရိယာ၏ အများ ဆုံး သုံး ရ မည် ပါဝင်မှု ကို မ ကျော်ရ။

သင့်တော်သော ဖိအား၊ မျက်နှာအပြည့် နှင့် မိ မိကိုယ်တိုင် ရှု လို့ရ သော အသက်ရှု ကိရိယာ (သို့) သင့်တော်သော ဖိအား၊ မိမိကိုယ်တိုင်ရှုလို့ ရ သော ကိရိယာ အကူ နှင့် မျက်နှာအပြည့် စွပ်ထား ထားသော လေပေးအသက်ရှုမှု ကိရိယာ

**အရေပြားကာကွယ်ရေး။** ပူတိုင်နှင့် နိုက်ထရိုက်ကြက်ပေါင်စေး အတု များဖြင့် လက်အိပ်လုပ်ဖို့ အ ကြံပြုသည်။ ထုတ်လုပ်သူများနှင့် စစ်ဆေး ပါ။ ဓာတုပစ္စည်း များ ကို ခံနိုင်ရည် ရှိသော ဗျူတိုင်နှင့် နိုက်ထရိုက်ကြက်ပေါင်စေး အတု များဖြင့်လုပ် ထား သော ဘောင်းဘီရှည်နှင့်အပေါ်ဖုံး အင်္ကျီ ဝတ် ပါ။ ထုတ်လုပ်သူများနှင့် စစ်ဆေး ပါ။

**မျက်စိနှင့် မျက်နှာကာကွယ်ရေး။** မျက်နှာကာ နှင့် ဓာတုပစ္စည်း ကာ မျက် မှန် ကို အပြောင်း အရွှေ့ လုပ်သောအ ခါ သုံး ပါ။ မက်သနော နှင့် အလုပ်လုပ်နေရင် မျက် ကပ်မှန်မ တပ်ရ။

**ခြေဝတ်။** ဓာတုပစ္စည်း များ ကို ခံနိုင်ရည် ရှိပြီး အ လုပ်ဌာန က သတ်မှတ်ထား သောအတိုင်း

**အခြားအရာ။** အလုပ်နား မှာ မျက်စိ ဆေး၊ ရေ ချိုး ပါ။ **မှတ်ချက်။** ပီပီအီး ကို ရေ ရှည်အတွက် ထိတွေ့မှု ထိန်း ချုပ် သော အ ဖြေအဖြစ် မ သတ် မှတ် သင့် ပါ။ ၄င်း သုံး မှု ကို အလုပ်ရှင် ၏အစီအစဉ် များနှင့် အ ညီ သေသေချာချာ ရွေး ချယ်၊ ထိန်း သိမ်း၊ သန့်ရှင်း၊ အံဝင် ဂွင်ကျ သုံး ရ မည်။ စက်မှု သန့်စင်ရေးဆိုင်ရာ ကျွမ်း ကျင်သူ များ နှင့် တိုင်ပင် ပြီး အန္တရာယ် ရှိ မရှိ ဆုံး ဖြတ်ရ မည်။ (သို့) ၄င်း ပစ္စည်း ထုတ်လုပ်သူများကို လုံ လောက် သော ကာကွယ် မှု လုပ် ပေး ဖို့ပြော ရမည်။

မီးလောင်ပေါက်ကွဲနိုင်သော အန္တရာယ် ရှိ သောကြောင့် ပါဝင် သိပ်သီးမှု အန္တရာယ် သည် အနိမ့်ဆုံး နှင့် အမြင့်ဆုံး ထိတွေ့မှု အတိုင်းအ တာ ထဲ မှာ ရှိအောင် သေသေချာချာ စဉ်းစားလုပ်ပါ။

## ၉။ ရုပ် နှင့် ဓာတု ပစ္စည်း များ

**ပုံပန်းအမြင်။** အရည်၊ ရှင်းလင်း၊ အရောင်မဲ့
**အနံ့။** အရက်နံ့ နည်းနည်း
**အနံ့အနိမ့်ဆုံး။** စမ်းသတ်မိချက်။ ၄.၂။ ၅၉၆၀ ppm
(ဂျီသြောမတ္တရစ်အလယ်မှတ်။) ၁၆၀ ppm
အသိအမှတ်ပြု။ ၅၃ – ၈၉၄၀ ppm
(ဂျီသြောမတ္တရစ်အလယ်မှတ်။) ၆၉၀ ppm

**pH အမှတ်။** မရှိ
**ရေခဲမှတ်။** –၉၇.၈°C
**ရေဆူမှတ်။** ၆၄.၇°C
**ရေခဲမှတ်ဘောင်။** မသတ်မှတ်ရသေး
**မီးလောင်နိုင်သောအပူချိန်။** ၁၁.၀°C
**အရည်ပျော်ဝင်နိုင်မှု။** လုံးဝမပျော်ဝင်
**မြောက်ဖေါ်ကိန်းတစ်စိတ်တစ်ပိုင်း။**
လော့ပီ(အောက်) = -၀.၈၂
**အငွေ့ဖိအား။** ၁၂.၈ kPa @ ၂၀°C

**အထက် ပေါက် ကွဲမှု အကန့် အသတ်။** ၃၆.၅ ရာနှုန်း
**အောက် ပေါက် ကွဲမှု အကန့် အသတ်။** ၆ ရာနှုန်း
**အလိုလိုမီးလောင်နိုင်မှုအပူ ချိန်။** ၄၆၄°C
**အရည်ပျော်ဝင်နိုင်စွမ်း။** အက်သနော၊ ဘင်ဆိုင်း၊ အခြား အရက်များ၊ ကလိုရိုဖေါင်း၊ ဒိုင်အီသိုင်းအီသာ၊ အခြား အီသာ များ၊ အက်စတာများ၊ ကီတုန်း များ နှင့် သက်ရှိ အရာ အများစု ပါဝင်သော ပျော်ဝင်ရည်

**ဓာတ်ငွေ့အရည်ဖြစ်ရန်အပူချိန်။** ၂၃၉.၄°C
**အထုးပြုဆွဲငင်အား။** ၀.၇၉၁ @ ၂၀°C
**အငွေ့ပြန်နှုန်း။** ၄.၁ (n – ဗျူတိုင် အက်စီတိတ် =၁)
**အငွေ့သိပ်သည်းမှု။** ၁.၁၀၅ @ ၁၅°C (လေ = ၁)
**ပြိုကွဲမှု အပူချိန်။** မသတ်မှတ်ရသေး
**ထိခိုက်မှုကိုတုန့်ပြန်မှု။** မရှိ

**တည်ငြိမ်ဓာတ်အားထုတ်မှုကိုတုန့်ပြန်မှု။** နိမ့်

## ၁၀။ တည်ငြိမ်မှု နှင့် တုန့်ပြန်မှု။

**ဓာတု တည်ငြိမ်မှု။** ဖြည့်သလောက်ငြိမ်

**အန္တရာယ်ရှိသောတုံ့ပြန်မှုများ။** ဟုတ် သည်။ အောက်ဆိုဒ် ဖြစ်စေသောအရာများ၊ သတ္တုပြင်းများ၊ ဇီဝအက်စစ်များ၊ ဘေ့အပြင်းများ နှင့် ထိတွေ့ခြင်း ကိုရှောင်ပါ။ ၄င်းတို့နှင့်ထိတွေ့ပါက ပြင်းထန်သောပေါက်ကွဲမှု ဖြစ်မည်။ ခဲ၊ ဒန်၊ မဂ္ဂနီဆီယမ် နှင့် ပလက်တီနမ် များ ကို စားနိုင် သည်။

**ရှောင်ရမည့် အ ခြေအ နေများ။** မီးပွားများ၊ မီးတောက်များ နှင့် မီး စတောက်နိုင် တဲ့ အရင်းအမြစ် များ နှင့် ထိတွေ့မှု ကို ရှောင်ပါ။

**အတူယှဉ်တွဲနေလို့မရခြင်း။** ဟုတ် သည်။ အောက်ဆိုဒ် ဖြစ်စေသောအရာများ၊ သတ္တုပြင်းများ၊ ဇီဝအက်စစ်များ၊ ဘေ့အပြင်းများ နှင့် ထိတွေ့ခြင်း ကိုရှောင်ပါ။ ၄င်းတို့နှင့်ထိတွေ့ပါက ပြင်းထန်သောပေါက်ကွဲမှု ဖြစ်မည်။ ခဲ၊ ဒန်၊ မဂ္ဂနီဆီယမ် နှင့် ပလက်တီနမ် များ ကို စားနိုင် သည်။ ဒန်သတ္တု (သို့) မဂ္ဂနီဆီယမ် များ ဖြင့်ဓာတ်ပြုပြီး ဟိုက်ထရိုဂျင် ဓာတ် ငွေ့ ထုတ်ပေး သည်။ တချို့ သော ပလပ်စတစ်၊ ကြက်ပေါင်စေး နှင့် အပေါ်ရံ အုပ် သုတ်ထား သောအရာ များ ကို ဖျက်ဆီး နိုင် သည်။

**အန္တရာယ်ရှိ အောင် ပုံပန်း ပျက် ဆီးနိုင်သောထုတ်ကုန်ပစ္စည်းများ။** ဖေါ မယ် လဒီ ဟိုက်၊ ကာဗွန် ဒိုင် အောက် ဆိုဒ် နှင့် ကာဗွန် မို နောက် ဆိုဒ်။

**အန္တရာယ်ရှိ အောင် ဓာတ်ပေါင်းပစ္စည်း ပြုလုပ်ခြင်း ဖြစ်စဉ်။** မ ဖြစ်ပွားပါ။

## ၁၁။ အ ဆိပ်အတောက်ဖြစ်စေသောအချက်အလက်



**စကား လုံး (သို့) တံဆိပ် တစ်လုံး။** **အန္တရာယ်။** အလွန် အမင်း မီးတောက်နိုင်သော အရည် နှင့် အငွေ့၊ မျိုချမိရင်သေနိုင် သည်။ သန္ဓေ သား (သို့) မမွေး ရ သေးသော ကလေး ကိုဖျက် ဆီး နိုင် သည်။ ကိုယ်ခန္ဓာထဲဝင်သွား ရင် (သို့) ရှူမိ ရင် မျက်လုံး နှင့် ဗဟိုနာဗ်ကြောစနစ် ကို ပျက်ဆီးစေ မည်။

**ပင်ရင်း ပထမဝင်လမ်း ကြောင်းများ။**

| | |
|---|---|
| အရေပြား နှင့် ထိ တွေ့ မှု။ | ဟုတ် သည်။ |
| အရေပြား ထဲ စိမ့် ဝင်မှု။ | ဟုတ် သည်။ |
| မျက်လုံး နှင့် ထိ တွေ့ မှု။ | ဟုတ် သည်။ |
| ကိုယ်ခန္ဓာထဲဝင်သွားခြင်း။ | ဟုတ် သည်။ |
| ရှူမိ ခြင်း။ | ဟုတ် သည်။ |

**အရေးပေါ် ခြုံ ငုံသုံး သပ် ချက်။** သန့်စင် သော အခါ အရောင်မဲ့ အရည်၊ အရက်နံ့နည်းနည်း ရသည်။ မက်သနောအကြမ်း သည် မခံနိုင်လောက်အောင် အနံ့ပြင်း သည်။ အပူချိန်ပြင်းရင် ခာတ် ကွဲ ပြီး ကာဗွန် မို နောက်ဆိုဒ် နှင့် ဖေါ မယ် လဒီ ဟိုက်၊ ဖြစ်လာ မည်။ အလုံပိတ် နေရာများ တွင် အ ဆိပ်အတောက် ဖြစ်နိုင်သော အန္တရာယ် ရှိ သည်။ ရှူ မိ ရင် (သို့) အရေ ပြားထဲဝင် သွား ရင် (သို့) ပါး စပ်ထဲ မျိုချမိ ရင် ဗဟိုနာဗ်ကြောစနစ် ကို အနည်း ငယ် ထိခိုက် နိုင် သည်။ ခေါင်း ကိုက် ခြင်း၊ နေ မကောင်း ခြင်း၊ ခေါင်း ရည်ဝေ ခြင်း၊ နှင့် လိုက် ညီထွေမှု မရှိခြင်း၊ တို့ ဖြစ် မည်။ ဘာ မှ လက္ခဏာ မပြဘဲ ၈ နာရီ မှ ၂၄ နာရီ ကြာပြီး မှ အမြင် အား အများထိခိုက် မှု၊ အလင်းရောင် ဒဏ် မခံနိုင် မှု၊ အ မြင် ဝါး မှု နှင့် မျက် လုံး ကွယ် သည်အထိ ဖြစ် လာမည်။ မေ့ မျော ပြီး သေတောင် သေနိုင် သည်။ မျက် လုံး ရောင်ရမ်း နာကျင် မည်။ အသက်ရှူခြင်း အတွက် အန္တရာယ်ဖြစ် မည်။ အရည်ကမျို ချ သည် ဖြစ်စေ၊ ပါး စပ်ထဲမှ အန် ထွက် သည် ဖြစ်စေ၊ အဆုပ်ထဲကို ရှူ မိ သလို ဖြစ် သွား မည်။ တိရစ္ဆာန် မှ ရ သော အချက်အလက် ပေါ် အခြေခံပြော ရ ရင် သန္ဓေ သား ကိုယ် ဝန် ရင့် သော အ ချိန် အချင်း တိုင် ကို ဖြတ် ပြီး အဆိပ်အတောက် ဖြစ် စေ သည်။ ထို့ အပြင် သန္ဓေ သား ပုံ ပန်း ပျက် မှု အကျိုး များ ဖြစ် စေ သည်။

**ကြီး မား သောထိတွေ့မှု။**

**ရှူမိ ခြင်း။** ပါဝင်မှုများ သောလေကို ရှူမိ ရင် နှစ်ခေါင်း နှင့် ပါးစပ် ကြား ရှိ အမြှေးပါး ကို ရောင် ရမ်း နာကျင်စေသည်။ ခေါင်းကိုက်မှု၊ အိပ်မရမှု၊ နေမကောင်းမှု၊ စိတ် ရှုပ်မှု၊ သတိလစ်မှု၊ အစာမကြေမှု များ ဖြစ်ပြီး သေတောင်သေနိုင် သည်။ မှတ်ချက်။ မက်သနော၏အနံ့ အနိမ့်ဆုံး အဆင့် သည် TLV-TWA (တီအယ်(လ)ဗီ – တီဒဘလူအေ) ထက်အဆ ပေါင်း များ စွာ မြင့် သည်။ အဆိပ်အတောက်ဘယ်လောက် ကြီးသလဲ နှင့် ဘယ်လောက် မြန်မြန် ကုပေး နိုင်သလဲ ပေါ် မူတည် ပြီး လူ နာ သည် လုံးဝ ပြန်ကောင်း နိုင်သည် (သို့) ထာ ဝရ မျက်လုံး ကွယ် ခြင်း၊ အမြင် အား မကောင်း ခြင်း (သို့) နာဗ်ကြောစနစ်ကို အကျိုး သက်ရောက် မှု များ ဖြစ်လာ မည်။ လေထဲပါဝင်မှု

သည် တစ်သန်း မှာ ၁၀၀၀ မှုန် အထက် များ ရင် နှစ်ခေါင်း နှင့် ပါးစပ် ကြား ရှိ အမြှေးပါး ကို ရောင် ရမ်း နာကျင်စေမည်။

**အရေပြား နှင့် ထိ တွေ့ မှု။** မက်သနော သည် အရေပြားကို အတော်အတင့် ရောင် ရန်း နာကျင်စေနိုင်သည်။ အကျိုး သက်ရောက်မှု သည် အထက် ဖော်ပြပါအတိုင်း ရှူမိရင် ဖြစ်သည့် အကျိုး များနှင့် ဆင်တူ သည်။

**မျက်လုံး နှင့် ထိ တွေ့ မှု။** မက်သနော သည် မျက်လုံး ကို အနည်း ငယ် မှနေ အတော်အတင့်ထိ ရောင် ရန်း နာကျင်စေသည်။ ပါဝင် မှုများ သောအငွေ့ ကို ရှုမိရင် (သို့) အရည် ကို ထိမိရင် မျက်လုံး ရောင် ရမ်း နာကျင် ခြင်း၊ မျက်ရည်ကျ ခြင်း နှင့် လောင် ခြင်း များ ဖြစ်မည်။

**ကိုယ်ခန္ဓာထဲဝင်သွားခြင်း။** မက်သနော အနည်း ငယ် ကိုတောင် မျိုချမိရင် မျက်လုံး ကန်း နိုင် (သို့) သေနိုင် သည်။ သေနိုင်တဲ့ အတိုင်း အတာ ပမာနအောက် အရေ အတွက်၏ အကျိုး များ မှာ နေမကောင်းခြင်း၊ ခေါင်းကိုက် ခြင်း၊ ဗိုက်အောင့် ခြင်း၊ အော့ အန် ခြင်း၊ အမြင်မကောင်း ခြင်း၊ အမြင် ဝေ့ဝါး ခြင်း၊ နှင့် နေ ရောင် မခံ နိုင် ခြင်း၊ များ ဖြစ်လာမည်။

**ဆက်တိုက်ထိတွေ့မှု။**

**ရောင် ရမ်း နာကျင် ခြင်း။** အရေပြားနှင့် ကြာရှည်စွာထိနေရင် အရေ ပြား ရောဂါ (သို့) ရှိပြီး သား အရေ ပြား ပြဿနာကို ပို ကြီး စေမည်။

**အာရုံရ လာအောင် လှုံ့ဆော် ပေး မှု။** သတင်းပေးချက်မရ။

**ကင်ဆာရောဂါကို ဖြစ်စေနိုင်မှု။** ကင်ဆာရောဂါကို ဖြစ်စေနိုင် သည်ဟု IARC, NTP, ACGIH, or OSHA ဆို သော အဖွဲ့များ က မ သတ်မှတ် ကြပါ။

**ပုံပျက်သောသန္ဓေ သား ဖြစ်ပေါ်မှု။** မက်သနော ငွေ့ ကို ရှူ မိ ရင် အမြီး ရှည် ကြွက် များ ၏ သန္ဓေ သား များ အဆိပ်အတောက် ဖြစ်ပြီး ကြွက်ငယ်များ မှာသန္ဓေ သား ပုံပျက် မှု များ ဖြစ်ပေါ်မည်။

**သားဖွားမှု အဆိပ်အတောက် ဖြစ်ခြင်း။** ရရှိသော သတင်းအချက်အလက်များ အရ မက်သနော သည် သားဖွားမှု မှာ အဆိပ်အတောက် မ ဖြစ်ပါ။

**ပုံစံပြောင်း ခြင်း။** မက်သနော သည် ပုံစံပြောင်း ခြင်း ဖြစ် စေနိုင် သည် လို့ အတပ် မပြောနိုင်။

**တိုးပွားလာ သည့် ကုန် ပစ္စည်း များ။** မက်သနော ပါဝင်မှု များ ပြားရင် တိရစ္ဆာန် များ အခြား ပစ္စည်းများ အဆိပ်အတောက် အထူး သဖြင့် အသဲ အဆိပ် ဖြစ် သော ကာဗွန် တက်ထရာ ကလိုရိုက် ဖြစ် မှု ပိုတိုး စေနိုင်သည်။ အက်သနော သည် မက်သနော၏ အဆိပ်အတောက် ဖြစ် မှုကို ထင်ထင်ရှား ရှား ကျဆင်းစေသည်။ အဘယ်ကြောင့်ဆိုသော် ၄င်းသည် အစာခြေပြီး စွမ်းအင်ထုတ် သော အင်ဇိုင်း ကို မက်သနောနှင့် ပြိုင်ပြီး လုယူ ပြီး မက်သနောရဲ့ အဆိပ်အတောက် ကို ဖြေရန် သုံး ဆွဲခြင်းကြောင့်။

**စု ပေါင်း လာနိုင် သော အလားအလာများ။** မက်သနော သည် ရှု မိရင် လည်း ကောင်း (သို့) မြိုချမိ ရင် လည်း ကောင်း ကိုယ်ခန္ဓာထဲအလွယ် တကူ ဘဲ ဝင်သွား နိုင် သည်။ အရေ ပြား ဆုပ်ပြဲနေတဲ့ နေရာ (သို့) အရေ ပြား နှင့် အကြာကြီး ထိ နေရင် အရေ ပြား ထဲ ဝင် သွား မည်။ ဝင် ပြီး နောက် မက်သနော သည် အရေ ပြား တစ်ရှုးများ

ဆီ မြန် မြန် ရောက် သွား မည်။ အနည်း ငယ်သာ ရှုထုတ် သော လေနှင့် ပြန် ထွက် သွား မည်။ အကျန်များ သည် ပ ထ မ ကိုယ်ခန္ဓာ အ တွက် စွမ်းအင်ထုတ် လုပ် သော နေရာ မှာ ဖေါ်မယ် လ ဒီ ဟိုက် ဖြစ် မည်။ ပြီး နောက် ဖေါ်မစ် အက်စစ် (သို့) ဖေါ်မိတ် များ အ ဖြစ် ပြောင်း သွား မည်။ ထို မှ တဆင့် ကာဗွန် ဒိုင် အောက် ဆိုဒ်နှင့် ရေ အဖြစ်ပြောင်း သွား မည်။ လူများမှာ တော့ မက်သနော သည် ရှု ပြီး (သို့) မျိုချ ပြီး နောက် အပြင် ပြန်ထွက် သော နှုန်း သည် တစ် ကီလို ဂရမ် ထဲ မှာ ၁၀၀၀ မီလီ ဂရမ် ထက် များ ရင် နေ့ ဝက် (သို့) နေ့ ဝက် မက ကြာ နိုင် ပြီး၊ ၁၀၀ မီလီ ဂရမ် အောက် (၇၆.၅ – ၂၃၀ ppm (၁၀၀–၃၀၀ $mg/m^3$)) ဆို ရင် ၁.၅ နာရီ က နေ ၂ နာရီ အထိကြာ မည်။

**ထိ တွေ့ မှု ကြောင့် တိုး လာ သည့် ဆေး ကုသရ မည့် အခြေအနေများ။** အရေပြား ရောဂါ၊ မျက်စိ ပြဿနာ၊ အသက်ရှူ ခြင်း ပြဿနာ၊ အသဲ (သို့) ကျောက် ကပ် ကောင်း ကောင်း အ လုပ် မ လုပ်ခြင်း စ သည့် ပြဿနာ များ ရှိ နှင့် ပြီး သား သူ များ မှာ ထို ပြဿနာ များ ပို တိုး လာမည်။

## ၁၂။ လူသားနှင့် အပင် ဆက်စပ်တဲ့ သဘာဝပတ်ဝန်းကျင် ဆိုင်ရာအချက်အလက်

**ပတ်ဝန်းကျင် အဆိပ် အတောက် ဖြစ်မှု။** မိလ်လာလိုင်း နှင့် ရေလမ်း ကြောင်း ထဲသို့ မစွန့်ပစ်ရ။

မက်သနော

$LC_{၅၀}$ ပိုင် ဖယ် ပရိုမယ်လတ် ဆို သော့ (ခေါင်း ကြီး ငါး တစ် မျိုး) ၂၉.၄ ဂရမ်၊ လီတာ၊ ၉၆ နာရီ၊ (၂၈ –၂၉ ရက်သား)၊ ယုံကြည်စိတ်ချ ရတဲ့ အတိုင်းအတာ က ၂၈.၅ –၃၀.၄။ စမ်းသပ်မှ အခြေအနေများ၊ ရေ အပူ ချိန် ၂၅ °C, အောက်ဆီဂျင် ပျော်ဝင်မှု ၇.၃ မီလီ ဂရမ်၊ လီတာ၊ ရေ မာကြောမှု ၄၃.၅ ဂရမ်၊ လီတာ၊ $CaCO_3$, အယ်ကာလိုင်း ၄၆.၆ $CaCO_3$, သိုလှောင်ကန် ထုထည် ၆.၃ လီတာ၊ ထပ်တိုး ၅.၇၁V/D, pH= ၇.၆၆
$LC_{၅၀}$ ပိုင် ဖယ် ပရိုမယ်လတ် ဆို သော့ (ခေါင်း ကြီး ငါး တစ် မျိုး ၂၈ – ၃၂ ရက်သား၊ ၀.၁၂၆ ဂရမ်၊) ၂၉၇၀၀ မီလီ ဂရမ်၊ လီတာ၊ ၂၄ နာရီ၊ ဖြက်သန်း သွားမှု ၂၃.၃+/-၁.၇°C, မာကြောမှု ၄၆.၄ မီလီ ဂရမ်၊ လီတာ၊ $CaCO_3$, pH ၇.၀–၈.၀
$LC_{၅၀}$ ပိုင် ဖယ် ပရိုမယ်လတ် ဆို သော (ခေါင်း ကြီး ငါး တစ် မျိုး ၃၀ ရက်သား၊) ၂၈၁၀၀ မီလီ ဂရမ်၊ လီတာ၊ ၉၆ နာရီ၊ ဖြက်သန်း သွားမှု ၂၄ – ၂၆°C, မာကြောမှု ၄၅.၅ မီလီ ဂရမ်၊ လီတာ၊ $CaCO_3$, pH ၇.၅
$LC_{၅၀}$ ဒက်ဖနီရား ပူးလတ် ခေါ် တဲ့ (ရေသန်း ၂၄ နာရီ အောက် သား၊) ၁၉၅၀၀ မီလီ ဂရမ်၊ လီတာ၊ ၁၈ နာရီ၊ ငြိမ်သက်မှု ၂၂°C, မာကြောမှု ၂၃+/-၂ မီလီ ဂရမ်၊ လီတာ၊ $CaCO_3$
$EC_{၅၀}$ ဒက်ဖနီရား အောဘတူဆာ ခေါ် သော (ရေသန်း ၂၄ နာရီ အောက် သား၊ မရွေ့နိုင်)၊ ၂၃၅၀၀ မီလီ ဂရမ်၊ လီတာ၊ ၂၄ နာရီ၊ ငြိမ်သက်မှု ၂၀+/-၂°C, မာကြောမှု ၂၅၀ မီလီ ဂရမ်၊ လီတာ၊ $CaCO_3$/ pH ၇.၈+/-၀.၂
$EC_{၅၀}$ ဒက်ဖနီရား အောဘတူဆာ ခေါ် သော (ရေသန်း ၂၄ နာရီ အောက် သား၊ မရွေ့နိုင်)၊ ၂၂၂၀၀ မီလီ ဂရမ်၊ လီတာ၊ ၄၈ နာရီ၊ ငြိမ်သက်မှု ၂၀+/-၂°C, မာကြောမှု ၂၅၀ မီလီ ဂရမ်၊ လီတာ၊ $CaCO_3$/ pH ၇.၈+/-၀.၂

$\log K_{ow}$: -၀.၈၂ – -၀.၆၆
သက်တမ်းဝက် (နာရီ)။ ၄၂၇
သက်တမ်းဝက် (နာရီ ) $H_2O$ အပေါ်ယံရေ: ၅.၃ – ၆၄
ဟင်နရီ ရဲ့ဥပဒေ ကိန်းသေ (atm $m^3$/mol): ၄.၅၅ X ၁၀$^{-၆}$
BOD ၅ တကယ်လို့ မဖေါ်ပြရင်: ၀.၇၆ – ၁.၁၂
COD: ၁.၀၅ – ၁.၅၀, ၉၉%
ThOD: ၁.၀၅

BCF: ၀.၂ – ၁၀
TLm(၄၈ နာရီ): ၈၀၀၀ မီလီ ဂရမ်၊ လီတာ၊ (ထရောက် ခေါ် သော ငါး)
အာသရီ ပိုဒါ ဆိုတဲ့ သတ္တဝါ အုပ်စု ၏အဆိပ် ဖြစ်မှု။ NOEL ၁၀ ဂရမ်၊ လီတာ၊ ၄၈ နာရီ (ဒက်ဖနီရား)
HSNO အတန်းအစား ခွဲခြားမှု။ ၉.၃ C – ကြောရိုး ရှိ ကုန်းပေါ်နေ သတ္တဝါ များကို ဒုက္ခဖြစ်စေ

ရေ ချို (သို့) ရေ ငံ ထဲ ရှိ သော မက်သနော သည် ရေ ထဲ ရှိ သက် ရှိ များ ဒုက္ခ ရောက်ကုန် စေ မည်။ မိလ်လာချပ်ခဲရှိ ဘက်တီးရီးယား ပေါ် မက်သနော အဆိပ်ဖြစ်မှု လေ့လာတွေ့ရှိ ချက် က ပြ သည်မှာ မက်သနော ၀.၁ ရာနှုန်း သည် အစာခြေမှု ကို အနည်း ငယ် ဘဲထိ ခိုက် မည်။ မက်သနော ၀.၅ ရာနှုန်း သည် အစာခြေမှု ကို နှေး ကွေး စေ မည်။ မက်သနော သည် ကာဗွန်ဒိုင် အောက်ဆိုဒ် နှင့်ရေအဖြစ်သို့ ခွတ်ခွဲသွား မည်။

**ပတ် ဝန်း ကျင် ဆိုင်ရာ ကံကြမ္မာ။**

**ဇီဝရုပ်ပြိုကွဲမှု။** ရေထဲနှင့် မြေဆီလွှာ ထဲ အ လွယ်တကူ ပျော် ဝင် ပျက်လွယ်သည်။

**ဇီဝ ရုပ် ပစ္စည်း တိုးပွား လာမှု။**

- **ကုန်းပေါ်နေ သူတို့ ကံကြမ္မာ။** အတန်းအစားခွဲခြားရေးစနစ် ပေါ်အခြေခံ၍ ၁ ၏ Koc တန်ဖိုး ဖွဲစည်းပုံ ခန့်မှန်းတွက် ချက်မှ အရ မက်သနော သည် မြေဆီလွှာမှာ အလွန် လှုပ်ရှား နိုင် သည်ဟု မျှော်လင့် ရ သည်။ မြေဆီလွှာပေါ် ရှိ ရေ ငွေ့ ပေါ် မှ မက်သနော ၏ ရေ ငွေ့ အလွယ်ပြန်ခြင်း ဖြစ်စဉ်သည်အရေးကြီး သော ကံကြမ္မာ လုပ်ဆောင်ချက် တစ်ခုဖြစ်ပြီး ဟင်နရီ ရဲ့ဥပဒေ ကိန်းသေ ၄.၅၅ X ၁၀$^{-၆}$ (atm $m^3$/mol) ကို သုံး၍ မျှော်လင့် နိုင်သည်။ ခြောက်သွေ့ သောမြေဆီလွှာပေါ်ရှိ မက်သနော ၏ ပြောင်းလဲမှု ဖြစ်စဉ်အလား အလာ သည် ရေ ငွေ့ ဖိအား ၁၂၇ မီလီ မီတာ ဖြစ်သည်။ ဇီဝရုပ်ပြိုကွဲမှုသည် မက်သနော အတွက် အရေးကြီး သော ကံကြမ္မာ လုပ်ဆောင်ချက် ဖြစ်စဉ်တစ်ခုဖြစ်မည် ဟု မျှော်လင့် ရ သည်။

- **ရေ နှင့် ရေ ပတ် ဝန်း ကျင်ရှိ သက်ရှိ တို့ ကံကြမ္မာ။** အတန်းအစားခွဲခြားရေးစနစ် ပေါ်အခြေခံ၍ ၁ ၏ Koc တန်ဖိုး ဖွဲစည်းပုံ ခန့်မှန်းတွက် ချက်မှ အရ မက်သနော သည် အခဲ၊ အနည်၊ သဲ၊ ကျောက် များထဲ စိမ့်ဝင် နိုင်ခြင်း မရှိ ဘူး ဟု မျှော်လင့် ရ သည်။ ဟင်နရီ ရဲ့ဥပဒေ ကိန်းသေ ၄.၅၅ X ၁၀$^{-၆}$ (atm $m^3$/mol) ပေါ်အခြေခံ ပြီး ရေ မျက်နှာပြင်ပေါ် မှာ အပြောင်းအလဲ ဖြစ် မည်ဟု မျှော်လင့် ရ သည်။ ဟင်နရီ ရဲ့ဥပဒေ ကိန်းသေ ခန့်မှန်းတွက် ချက် နည်း ကို သုံး ပြီး ရေ ငွေ့ ပျံ မှ သက်တမ်း ဝက် စံပြမြစ်တစ် စင်း အတွက် ၃ ရက်ကြာ ပြီး ကန်တစ်ကန် အတွက်တော့ ၃၅ ရက် ကြာ မည်။ အတန်းအစားခွဲခြားရေးစနစ် အရ ငါး များမှာ BCF ၁၀ အောက် ရှိနေရင် ရေထဲ ရှိ သက်ရှိ ဇီဝ ရုပ် စုစည်း တည်ဆောက် မှ နည်း မည်။ မက်သနော အတွက် အငွေ့ပျံ ခြင်း နှင့် ခွတ် ကွဲ ခြင်း များ နေရောင် ထိုး သော ရေ မျက်နှာ ပြင် မှာ အရေးကြီး သော ပတ် ဝန်းကျင် ကံကြမ္မာ အပြောင်းအလဲ ဖြစ်စဉ်တစ်ခုဖြစ်မည် ဟု မမျှော်လင့် နိုင် ဘူး။ အဘယ်ကြောင့်ဆို သော အဲဒီ ခွတ်ပေါင်းစု သည် သက်ဆိုင်ရာပတ်ဝန်ကျင် အခြေအနေ၊ အလင်း ရောင် ကို စုပ်ယူဖို့ (သို့) အငွေ့ ဖြစ်စေဖို့ လုပ်ဆောင်ပေးနိုင် စွမ်းနေလို့ဘဲ။ မက်သနောကို မိလ်လာ နှင့် တက်ကြွခွတ်ပြု အောင် လုပ် ထား သော မိလ်လာ ချပ်ခဲ များနှင့် အ မျိုး မျိုး စမ်း သပ် ချက်များ က ပြ သည်မှာ ရေ နှင့် ရေ ပတ် ဝန်း ကျင်ရှိ ဇီဝ ရုပ် ပြို ကွဲ မှု များ ဖြစ် နေ မည်။

- **ပတ် ဝန် ကျင် လေထု ထဲ ဖြစ်ပျက် နေသော ကံကြမ္မာ။** လေထု ထဲ ရှိ အပြောင်းအလဲ အသင့်အတင့် ရှိ သော ဇီဝ ခွတ် ပေါင်း များ ၏ ခွတ်ငွေ့နှင့် အမှုန် ခွဲခြား သော စံပြပုံစံအရ အပူချိန် ၂၅°C ၊ အငွေ့ဖိအား ၁၂၇ မီလီ မီတာ မှာ ရှိသော မက်သနော သည် ပတ် ဝန်း ကျင် လေထု ထဲမှာ အငွေ့ဘာဝနဲ့ ရပ်တည် မည်ဟု မျှော်လင့် ရ သည်။ အငွေ့ဘာဝ မှာ မက်သနော သည် ပတ် ဝန် ကျင် လေထု ထဲမှာ ဟိုက်ထရိုစီ

အုပ်စု အခြေခံ ဓာတု ပစ္စည်း များ နှင့် ဓာတ်ပြုပြီး ပျက်ဆီး သွား မည်။ ကိန်းသေ ၈.၄ X ၁၀$^{-၁၃}$ ကုပ စင်တီမီတာ မော်လီကျူး စက္ကန့် အပူချိန် ၂၅ °C မှာ တွက် ရင် ဒီလေထဲ ဓာတ်ပြု မှု ၏သက်တမ်းဝက်သည် ၁၇ ရက်ကြာ မည်။

## ၁၃။ စွန့် ပစ်ခြင်း ပတ်သက်၍ စဉ်း စားစရာများ

ဗဟို၊ တိုင်း နှင့် ပြည်နယ် နှင့် မိမိ နေထိုင်ရာ ဒေသဆိုင်ရာ အစိုးရ များ ၏ လို အပ်ချက်များကို လေ့ လာ သုံး သပ်ပါ။ အခန်း ၇၊ *ကိုင်တွယ်ရေး နှင့် သိမ်း ဆည်း ရေး* မှာ ဖေါ်ပြထား ချက် အတိုင်း စွန့်ပယ်ရန်ပစ္စည်း ကို သိမ်း ဆည်းပါ။ စွန့်ပယ်ပစ္စည်းများ ကို သေချာ မီး ရှို့ ဖျက်ဆီး ရ မည် (သို့) လုံခြုံ သော အမှိုက် စုပုံ ရာ မှာ ထား ရ မည်။

တတ်နိုင်ရင် သုံးသား ပြီး ပစ္စည်း ဟောင်း ကိုပြန်လည် ပြုပြင် ပြီး သုံး ပါ။ ထုထည် ကြီး မား မှု သည် ပြန်လည် ဆွဲယူ သုံး ဖို့ သင့်တော် သည်။ ညစ်ပတ် နေပါက မီး ရှို့ ဖျက်ဆီး ပါ။ မိလ်လာသန့်စင်သော ဌာနမှာ စွန့်ပယ် နိုင်သည်။ မက်သနော ပါဝင်မှု ၀.၁ ရာနှုန်း အထိ ၄င်းသည် ဘက်တီးရီးယား ပိုး အတွက် အစား အာဟာရ အဖြစ် ဆောင်ရွက်ပေးသည်။ အဲဒီထက် ပါဝင်မှု ပိုများပါက ဘက်တီးရီးယား ပိုး ကို အဆိပ်ဖြစ်စေ မည်။ မိလ်လာ စုထားသော စနစ်ထဲ စုပ်သွင်းမယ် ဆို ရင် မက်သနော ကို မီးလောင်နိုင်သော အတိုင်းအတာ အောက် ထိန်း ထားရ မည်။ (အပူချိန် ၃၉°**C** အောက် မှာ ရေ နှင့် မက်သနော ၂၅ ရာနှုန်း ရောရင် မီး မလောင်နိုင်) တစ်သန်း မှန် မှာ မက်သနော တစ်မှန် သည် မိလ်လာသန့်စင်သော စက်ရုံ ထဲမှာ ရှိသော BOD တစ်သန်း မှန် မှာ ၁.၅ မှန် နှင့် ညီမျှ သည်။

*ပစ္စည်းထည့် သောဗူး စွန့် ပယ်ခြင်း။*

ဗူးခွံ လွတ် များ မှာ အန္တရာယ် ဖြစ်လောက် သော လက်ကျန် ရှိသေးသည်။ တတ်နိုင်ရင် ပစ္စည်းရောင်း သူထံ ပြန်သုံး ဖို့ ပြန်ပေး ပါ။ ဗူးခွံ လွတ် များ ကို ဂဟေမဆက်ရ။ မဖျက် ရ။ မထုချေရ။ တကယ်လို့ ဗူးခွံ လွတ် များ ကိုစွန့်ပစ် ရင် ရေနှင့် သေသေချာချာဆေး ပါ။ ပြီး အမိန့်ရ အမှိုက်စွန့်ပစ် နေရာမှာ စွန့်ပါ။ ဆေးကြောပြီးနောက် ရှိပြီးသော တံဆိပ်များ ခွာပါ။

## ၁၄။ သယ်ယူ ပို့ ဆောင်ရေး အချက်အလက်

| | |
|---|---|
| **ကနေဒါ အန္တရာယ်ရှိ ပစ္စည်း သယ်ယူ ပို့ ဆောင်ရေး (တီဒီဂျီ)** | ယူအင်၁၂၃၀၊မက်သနော၊အတန်းအစား ၃(၆.၁)၊ ပီဂျီ ၂<br>ကန့်သတ်အရေအတွက်၊ ≤ ၁ လီတာ<br>အီးအာဂျီ လမ်းညွှန်၊ ၁၃၁ |
| **အမေရိကန်နိုင်ငံ သယ်ယူ ပို့ ဆောင်ရေး ဌာန (၄၉စီအက်ဖအာ) (ပြည်တွင်းသာ)။** | ယူအင်၁၂၃၀၊မက်သနော၊အတန်းအစား ၃၊ ပီဂျီ ၂<br>(အာကယူ ၅၀၀၀ ပေါင်၊ ၂၂၇၀ ကီလိုဂရမ်)<br>ကန့်သတ်အရေအတွက်၊ ≤ ၁ လီတာ<br>အီးအာဂျီ လမ်းညွှန်၊ ၁၃၁ |
| **အပြည်ပြည်ဆိုင်ရာ လေကြောင်း သယ်ယူ ပို့ ဆောင်ရေးအဖွဲ့ (အိုင်အေတီအေ)။** | ယူအင်၁၂၃၀၊မက်သနော၊အတန်းအစား ၃(၆.၁)၊ ပီဂျီ ၂ |

| | |
|---|---|
| | ထုပ်ပိုးခြင်း အညွှန်း (ခရီးသည်တင်လေယာဉ်) ၃၀၅၊ တစ်ထုပ် ကို တစ် လီတာ အများဆုံး။ |
| အပြည်ပြည်ဆိုင်ရာရေကြောင်း အဖွဲ့ (အိုင်အမ်အို)။ | ယူအင်၁၂၃၀၊မက်သနော၊အတန်းအစား ၃(၆.၁)၊<br>ပီဂျီ ၂<br>မီးလောင်နိုင်သောအပူချိန်။ ၁၁°C<br>အီးအမ်အက်နံပတ်။ အက်ဖ – အီး၊ အက်စ– ဒီ<br>သိုလှောင် အမျိုးအစား (ခ)၊ လူနေရပ်ကွက်နှင့်ကင်း အောင် ထား |
| ရေကြောင်း ဆိုင်ရာညစ်ညမ်းမှု။ | မရှိပါ။ |

## ၁၅။ စည်းမျည်း စည်း ကမ်း ပြုလုပ်ခြင်း အချက်အလက်

<u>ကနေဒါ နိုင်ငံ ဗဟို စည်းမျည်း စည်း ကမ်းများ။</u>

| | |
|---|---|
| စီအီးပီအေ၊ ပြည်တွင်း ပစ္စည်းစာရင်း | စာရင်းတင်ထား (ကနေဒါပတ်ဝန်းကျင် ကာကွယ်ရေးအက်ဥပဒေ) (စီအီးပီအေ ဇယား ၁) |
| ဒဘလူအိတ်(ဟ)အမ်အိုင်အက် အတန်းအစားခွဲခြားခြင်း။ | ခ၂၊ ဃ ၁ခ၊ ဃ၂က၊ ဃ၂ခ၊ |

<u>အမေရိကန်နိုင်ငံ စည်းမျည်း စည်း ကမ်းများ။</u>

| | |
|---|---|
| ၂၉ စီအက်ဖအာ ၁၉၁၀ ့ ၁၂၀၀ (အိုအက် အိတ်(ဟ)အေ)။ | အန္တရာယ်ရှိသည် |
| ၄၀ စီအက်ဖအာ ၁၁၆ ့ ၁၁၇ (အီးပီအေ) | အန္တရာယ်ရှိသည် |
| ၄၀ စီအက်ဖအာ ၃၅၅၊ နောက်ဆက်တွဲ က နှင့် ခ | အရေးပေါ်စီစဉ်ခြင်းနှင့် အကြောင်းကြားခြင်း ပေါ် မူတည် |
| ၄၀ စီအက်ဖအာ ၃၇၂၊ (အက်အေအာအေ) | စာရင်းတင်ထား |
| ၄၀ စီအက်ဖအာ ၃၀၂၊ (စီအီးအာစီအယ်(လ)အေ) | စာရင်းတင်ထား |
| အဆိပ်ဖြစ်စေသောပစ္စည်း ထိန်းချုပ်မှု အက်ဥပဒေ (တီအက်(စ)စီအေ) | ပစ္စည်း စာရင်းတွင် စာရင်းတင်ထား |

## ၁၆။ အခြားအချက်အလက်များ

### အညွှန်းကျမ်း များ။

၁။ ဓာတုပစ္စည်းလုံခြုံစိတ်ချရေး၊ မက်သနော၊ ပတ်ဝန်ကျင်ဆိုင်ရာကျန်းမာရေး တိုင်းတာချက် နှင့် ပတ်သက်သောနိုင်ငံတကာ အစီအစဉ်၊ ကမ္ဘာ ကျန်းမာရေး အဖွဲ့အစည်း ၁၉၉၇၊

၂။ ပက်တီး၏ စက်မှု ဆိုင်ရာ သန့်ရှင်းရေးနှင့် အဆိပ်အတောက်ဗေဒ၊ ၅ ကြိမ် မြောက်တည်းဖြတ်ခြင်း

၃။ အန္တရာယ်ရှိ ပစ္စည်း များ အတွက် မီးဘေးကာကွယ်ရေး လမ်းညွှန်၊ ၁၃ ကြိမ် မြောက်တည်းဖြတ်ခြင်း

၄။ လန်နီဂန်၊ အက်(စ)၊ မီသိုင်းအရက်၏ အန္တရာယ်ကင်း သုံးသပ်ချက် နောက်ဆုံး သတင်းပို့ချက်၊ အဆိပ်အတောက် ဆိုင်ရာ နိုင်ငံတကာ ဂျာနယ်၊ အတွဲ ၂၀၊ အပိုတွဲ ၁ (၂၀၀၁)၊

၅။ ဗဖါစဘတ်၊ ကေ၊ ဓာတုကာ အဝတ်အစား အမြန်ရွေးချယ်သော နည်းလမ်း

၆။ နယ်ဆင်၊ ဘီ ကေ၊ မြီးရှည်ကြွက် များ မက်သနော နှင့် အက်သနော အများကြီး ရှူခြင်း ကြောင့် ပုံပန်း မမှန် ဖြစ်လာခြင်း ကိုလေ့လာအကဲဖြတ် မှု၊ အခြေခံနှင့် အသုံးချ အဆိပ်အတောက်ဗေဒ၊ အတွဲ ၅

၇။ အင်အိုင်အိုအက်စအိတ်(ဟ) ဓာတုအန္တရာယ် လမ်းညွှန်၊

၈။ အန္တရာယ် ရှိ သော ပစ္စည်းစာရင်း အတွဲစု (အိတ်(ဟ)အက်စဒီဘီ)

၉။ ဓာတုသတင်းအချက်အလက်

**မူလပြင်ဆင်သော ရက်။** ၂၂ စက်တင်ဘာ ၂၀၀၅

**ပင်ဆင်သူ။** ကယ်–အက်စ အေဂျင်စီ လီမိတက်၊ စာတိုက်သေတ္တာအမှတ် ၅၂၂၀၁၊ လင်းမော (အာပီအို)၊ မြောက် ဗန်းကူးဗားမြို့၊ ဘီ စီ၊ ကနေဒါ နိုင်ငံ၊ ဗီ၇ဂျေ ၃ဗီ၅

**တာဝန်မယူကြောင်း ဖွင့်ဆိုချက်။** အထက်ဖေါ်ပြ ပါသတင်းအချက်အလက်များ သည် လက်ရှိကာလမှာ ကျွန်တော် တို့ဆီမှာ ရရှိထား သည့် အတိုင်း တိကျမှန်ကန် ပါသည် ဟုယုံ ကြည် ပါသည်။ အသုံးပြုသူများ အနေဖြင့် ကိုယ်သုံးချင်သော ရည်ရွယ်ချက်အတွက် မိမိကိုယ်တိုင် သုံးရန် သင့်မသင့် စုံစမ်းစစ်ဆေးသင့်ပါသည်။ ဒီ အထောက်အထား စာတမ်း ကို သေသေချာချာ လေ့ကျင့်ပေးထားသော ပစ္စည်းကိုင်တွယ် သော ပုဂ္ဂိုလ်များ အတွက် သင့်တော်သော ကြိုတင်ပြင်ဆင်မှု များ ပြုလုပ်နိုင် အောင် လမ်းညွှန်အဖြစ်သုံးစွဲရန် ရည်ရွယ်သည်။

မက်သနက် ကော်ပိုရေးရှင်း နှင့် ၎င်း၏လက်အောက်ခံ အဖွဲ့အစည်းများအနေ ဖြင့် ဒီဖေါ်ပြခဲ့ သော သတင်း အချက်အလက် များနှင့် ပတ်သက်၍ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက် ၍ သော်လည်းကောင်း၊ ကိုယ်စားပြု ခြင်း၊ အာမခံခြင်း၊ များ မပြုလုပ်ပါ။ ဒီ စာတမ်း ထဲပါ အချက်အလက် များ ကိုသုံးစွဲရန် မည်သည့် အာမခံခြင်း၊ နှင့် သုံးစွဲရန်သင့်တော် ပါ သည် ပြောဆိုမှု များ လည်း မလုပ်ပါ။ ထို့ ကြောင့် မက်သနက် ကော်ပိုရေးရှင်း အနေနှင့် ဒီ သတင်း အချက်အလက် များကို သုံး ၍ (သို့) မှီငြမ်းပြု၍ ဖြစ်ပေါ်လာ မည့် ပျက်ဆီးဆုံး ရှုံး မှု များအတွက်တာဝန် မယူပါ။

***ဒီ ကုန်ကြမ်းပစ္စည်း လုံခြုံရေး စာရင်း စာမျက်နှာ ကို မက်သနက် ကော်ပိုရေးရှင်း သိရှိပြီး ၎င်း ၏ ခွင့်ပြုချက် တိတိကျကျ မရ ဘဲ ပြုပြင်ပြောင်းလဲခြင်း မည်သည့်နည်း နှင့်မျှ မပြုလုပ်ရ။***

**ပြန်လည်သုံးသပ်ချက်။** ဂျီအိတ်(ဟ)အက်စ ပုံစံ အတိုင်း ၂၂ ရက် စက်တင်ဘာလ ၂၀၀၈ ခုနှစ် တွင် ပြန်လည်သုံးသပ်ထုတ်ဝေသည်။